# ၁၉၅၅ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ် (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ။

# [၁၉၅၅ ခုနှစ်၊ အက်ဥပဒေ အမှတ် ၅၆။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၅ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ် (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် စတင်အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။ နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ် အက်ဥပဒေ၏ ပုဒ်မ ၁၉ တွင်-

(၁) ပုဒ်မခွဲ (၂) နောက်၌ အောက်ပါကို၊ ပုဒ်မခွဲ (၃) အဖြစ်ထည့်သွင်းရမည်။

"(၃) အချိန်ပြည့်ဥက္ကဋ္ဌကို၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (၅) အရ၊ နိုင်ငံတော်သမတက ခန့်ထားသည့်အခါ၊ အထွေထွေမန်နေဂျာသည်၊ စိုက်ပျိုးရေးဘဏ်၏ အလုပ်ကိစ္စများတွင် စီမံအုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍ ညွှန်ကြားခြင်း၊ ကြီးကြပ်ကြည့်ရှုခြင်း၊ စီမံအုပ်ချုပ်ခြင်းဆိုင်ရာတာဝန်တို့ကို၊ ၎င်းအား၊ အချိန်ပြည့်ဥက္ကဋ္ဌက လွှဲအပ်သည့်အတိုင်း ဆောင်ရွက်ရမည်။"

(၂) ရှိရင်းပုဒ်မခွဲ (၃) ကို၊ ပုဒ်မခွဲ (၄) အဖြစ် ပြန်လည် အမှတ်စဉ်ရမည်။

၃။ ။ အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၄၀ တွင် အောက်ပါခြွင်းချက်ကို ထည့်သွင်းရမည်။

**"ခြွင်းချက်။** ။ သို့ရာတွင် ဆယ့်နှစ်လအတွင်း ရိတ်သိမ်းရောင်းချခြင်း မပြုနိုင်သော ကောက်ပဲသီးနှံများကို၊ နိုင်ငံတော်သမတက အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်ဖြင့်၊ ဤပုဒ်မပါ အချိန်ကာလကန့်သတ်ချက်နှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။"

၄။ ။ အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၈၄၊ ပုဒ်မခွဲ (၁) တွင် "သုံးလအတွင်း" ဆိုသည့်စကားရပ်အစား၊ "ခြောက်လ အတွင်း" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။